


## အမှာစာ

ဤစာအုပ်သည် စာရေးဆရာမ karen connelly ၏ မူရင်းစာအုပ်တအုပ်ဖြစ်ပြီး စာဖတ်သူ များအား အလွန်အမင်း ဖတ်စေချင်သော ဆန္ဒကြောင့် ကြိုးစား တင်ပြလိုက်ပါသည်။ ဤစာအုပ်အား ဖတ်စေခြင်းဖြင့် မြန်မာနိုင်ငံအတွင်း အုပ်ချုပ်မင်းမူနေသော စစ်အစိုးရ၏ လက်ထက်တွင် မြန်မာနိုင်ငံသားတို့ မည်ရွေ့ မည်မျှထိလူ့ အခွင့်အရေး ဆုံးရှုံးနေပြီး မြန်မာနိုင်ငံတွင်းရှိ အကျဉ်းထောင်များအတွင်း မည်ကဲ့သို့ ဖိစီးနှိပ်စက်၊ မည်ကဲ့သို ဆင်းရဲဒုက္ခခံရ၍ စစ်အစိုးရ၏ လူမဆန်မှုများကို ကွက်ကွက်ကွင်းကွင်း သိမြင်ရမည် ဖြစ်ပါသည်။ အခန်းဆက်အဖြစ် ဖော်ပြသွားပါမည်။

**အလင်းအိမ်မဂ္ဂဇင်း**

ဘာသာပြန်ဆိုသူ–**Roland Hardy(ခ) မောင်မောင်လတ်**

**ယခင်လမှ အဆက်**

# အိမ်ပြောင်းလှောင်အိမ်

## အခန်း (၁၇)

မနက်ထမင်းလာပို့ချိန်မှာ ကိုစိန်ယုံ တေဇနားကို ကပ်လာပြီး တိုးတိုးလေး မေးလိုက်တယ်။

ကိုစိန်ယုံ။ ။ **တေဇ မင်းစာရေးတဲ့ စက္ကူရတယ် မဟုတ်လား။** တေဇလည်း **"ဟုတ်ကဲ့"**ဆိုပြီး တိုးတိုးလေး ပြန်ဖြေလိုက်မိတယ်။ ကိုစိန်ယုံဆီက အနံ့ဆိုးတွေဟာ တေဇ နှာခေါင်းထဲ ဝင်လာတယ်။ ထောင်ထဲမှာ ဒုစရိုက်မှုနဲ့ ထောင်ကျတဲ့ နှစ်ကြီးသမားတွေဟာ ကိုယ့်ဖာသာကိုယ်ချက်စားကြ တယ်။ ဒါကြောင့် ဆီစိမ်းနဲ့ ကြက်သွန်ဖြူနဲ့ မာဆာလာနံ့ တွေရောပြီး နေတဲ့ အနံ့ဆိုးတွေ ရတာပဲလေ။

ကိုစိန်ယုံ။ ။ **ဒေါ်စုလွတ်မြောက်လာတဲ့ အကြောင်း မင်းရေးနိုင်ရင် မင်းရဲ့ အပေါင်းအသင်းတွေ သိပ်ဝမ်းသာမယ်။ မင်းဟာ ဒေါ်စုရဲ့ လူငယ်အသင်းသားဖြစ်ပြီး တက္ကသိုလ်မှာ လူသိများတဲ့ အဆိုတော် မဟုတ်လား။**

အဆောင်(၃)က နိုင်ငံရေးသမားတွေလည်း ဒီအင်းစိန်ထောင်ကြီး မကောင်းကြောင်း ဆိုးရွားကြောင်း စုပြီးရေးနေကြပြီ။ သူတို့ကလည်း ဒေါ်စုနဲ့ ပါတ်သက်ပြီး မင်းနဲ့ ခင်တဲ့အတွက် ဒေါ်စုအကြောင်းကို မင်းရေးပါလို့ တောင်းဆိုနေကြတယ်။ သူတို့က ဒီထောင်ထဲက နိုင်ငံရေးသမား ရေးတဲ့စာကို ကုလသမဂ္ဂကိုပို့ ဖို့ ကြံထားတယ်။ ဒါမှ ဗမာပြည်ရဲ့ ထောင်ထဲမှာ နိုင်ငံရေးသမားတွေ ခံစားရတဲ့ ဘ၀ကို ကမ္ဘာကသိလာမယ်။ အေးကွာ ဒေါ်စုလွှတ်မြောက်လာပြီး ကတည်းက အဆောင် (၃)နိုင်ငံရေးသမားတွေ ငါ့ကိုနေ့တိုင်း အပူကပ်နေကြတယ်။ ငါလည်းပြဿနာတက်မှာ ကြောက်လို့ ခင်ဗျားတို့ ရူးနေသလား။ ကျနော် ဒီလို အလုပ်မျိုး မလုပ်ရဲဘူး။ ကျနော်ဟာ ရိုးရိုးထောင်ကျဆိုတော့ တခုခုမှားသွားရင် Dတွေ အများကြီး ဒီထောင်ထဲမှာ ထပ်ရနေလိမ့်မယ်။ ကြောက်တယ်။ မဖြစ်နိုင်ဘူး ဆိုပြီး ပြောထားတယ်။ ဒါပေမဲ့ သူတို့က ဇွဲမလျှော့ဘဲ ငါမက်လောက်တဲ့ ငွေကို ပေးတော့ ငါလည်း ဒီအလုပ်ကို ကူညီဖို့ ဆုံးဖြတ်ပြီး မင်းကိုပါ စာရေးစက္ကူတွေရအောင် ပို့ပေးတာ ပေါ့ကွာ။

မင်းထောင်ဝင်စာ အောက်ဆုံးမှာ စာရေးစက္ကူဖွက်ပေးရတာ၊ ငါ့ကိုယ်မှာ ဒီစာရေးစက္ကူတွေ့သွားရင် ငါ့ကိုသူတို့ နှိပ်စက်ကြမှာ။ ငါဟာ နိုင်ငံရေးသမား ထောင်ကျတွေကို မကူညီဘဲ ထောင်ထဲမှာ ဘိန်းဖြူရောင်းတတောင် ထောင်မှူးတွေ ဘာမှ မပြောဘူး။ ပြဿနာမဖြစ်ဘူး။ ထောင်မှူးတွေလည်း ဒီအလုပ်လုပ်နေကြတာ မင်းရဲ့ ထောင်ဝင်စာလည်း မင်းကိုချစ်ခင်တဲ့ မင်းမိတ်ဆွေတယောက်က အမြဲတမ်းစုဆောင်းသိမ်းထားပေးလို့ မင်းအခုလို ထောင်ဝင်စာတွေ အများကြီး ရတာပေါ့။

တေဇ။ ။ **သူငယ်ချင်းဟုတ်လား။ ဒီထောင်ထဲမှာ ကျနော်တိုက်ပိတ်ခံထားရတာ ဘယ်မှာလာပြီး သူငယ်ချင်းရှိရမှာလည်း။ ဘယ်မှာပေါင်းလို့ ရမှာလည်း။ ခင်ဗျားမှားနေပြီ ထင်တယ်။**

ကိုစိန်ယုံ။ **။မင်းသိပါတယ်ကွာ။ ဘာကိုငါ့ဆိုလိုသလဲဆိုတာ။** တေဇ စဉ်စားမိတယ်။ ငါ့သူငယ်ချင်း ထောင်ဝင်စာတောင် စုသိမ်းပေးထားနိုင်တယ်ဆိုတော့၊ ထောင်မှူးကိုချစ်နိုင်တယောက်ဘဲ ဖြစ်နိုင်တယ်။ ဒါဆိုထောင်မှူး ကိုချစ်နိုင်ဆိုပြီး နာမည်တခါတည်းတပ်ပြီး မပြောတာလဲ မသိဘူး။ တေဇ မျက်လုံးကို ပွတ်သပ်နေတယ်။ စိတ်ထဲမှာလည်း ဇဝေဇဝါ ဖြစ်နေတယ်။ တခုခုတော့ လွဲနေပြီထင်တယ်။ ကိုချစ်နိုင် ဘာလို့ ငါ့ကို ဒီအကြောင်း ပြောမထားတာလည်း။

ကိုစိန်ယုံ။ ။**မင်းစိတ်ထဲမှာ တွေဝေနေပြီလား။ အခုဆိုရင် ထောင်ထဲမှာရှိတဲ့ အမှုထမ်းတွေတောင် ကိုယ့်လည်ပင်း ကိုယ်ကြိုးကွင်းစွပ်ပြီး ကူညီပေးနေကြတယ်။ အခုဆိုရင် ထောင်ထဲက ဝန်ထမ်းတွေတောင် ပါလာကြပြီ။ ဟုတ်လား။ ဘယ်သူတွေလည်း။ မင်းသိထားတဲ့ လူတချို့လို့ဘဲ မင်းသိထားပါ။ ဒီထောင်ထဲမှာ မင်းကိုကူညီပေးနေတဲ့ မိတ်ဆွေကောင်းတွေ ရှိနေတယ်ဆိုတာပဲ။**

တခြားထောင်ကျတယောက်ဟာ ထောင်မှူးတွေနဲ့ ခင်တယ်။ သူဟာ မကြာခင်မှာ လွှတ်

**တော့မယ်။ သူက ဒီစာတွေကို အပြင်က လူတွေဆီရောက်အောင် ထုတ်ပေးမယ်လို့ ကတိပေးထားတယ်။ ထောင်ကျတဲ့လူတိုင်း မကောင်းကြတာ မဟုတ်ပါဘူးကွာ။ သူတို့ တွေလည်း နိုင်ငံရေးသမားတွေကို သဘောကျနေကြတယ်။ သူတို့ ဒါကြောင့် ကူညီချင်တဲ့ စိတ်တွေ ရှိနေတာပေ့ါကွာ။ အဲဒီလူဟာ နောက် ၄ ရက်အတွင်း လွတ်တော့မှာ။ သူလွတ်မဲ့နေ့ မှာ ရှာမဲ့ ထောင်မှူးဟာ အဲဒီလူ ထောင်ထဲမှာ ရှိနေသမျှ ကာလတလျှောက်လုံး ငွေလက်ခံပြီး အဲဒီလူကို ကူညီပေးနေတဲ့လူဘဲ။ ဒါကြောင့် သူလွတ်မဲ့နေ့ မှာ ဘာမှရှာဖွေခံရမှာ မဟုတ်ဘူး။** ကိုစိန်ယုံက အားရပါးရ လက်ခုပ်တချက်တီးလိုက်တယ်။ ထပြီးရပ်လိုက်ရင်း **ဒါကြောင့်မင်းလည်း အဆောင်(၃)က နိုင်ငံရေးသမားတွေနဲ့ အတူတူစာရေးပြီး ထုတ်ကြတာပေ့ါ။** တေဇဘာမှပြန်မပြောနိုင်သေးဘဲ တွေဝေနေတုန်း ဖြစ်ပါတယ်။

ကိုစိန်ယုံ။ ။ **ဟိတ်ကောင် ငါအခု ပြောတာတွေကို မင်းသိပ်အံ့သြနေတယ် မဟုတ်လား။ ဒါမှ မဟုတ်ရင်လည်း မင်းကြောက်နေတယ် မဟုတ်လား။ တေဇ ဘာမှ ပြန်မဖြေပါ။** ကိုစိန်ယုံ ကွမ်း ယာတရာ ပါးစပ်ထဲ ပစ်ထဲ့လိုက်ရင်း။ **"မင်းမြန်မြန်ရေးပါ။ မပြီးနိုင်ရင်လည်း စောင့်နေပေးမယ်။ ဒါပေမဲ့ သိပ်အချိန်မရတော့ဘူးဆိုတာ မင်းသိပါတယ်။ ငါတို့ လည်း အဆောင် (၃)က စာတွေ လိုက်စု လိုက်ဦးမယ်။"**

ငါတို့ ဆိုတဲ့စကားအရ ကိုစိန်ယုံအပြင် ဘယ်သူတွေ များပါသေးလဲ။ ကိုမျိုးမျိုးသန်း ဆိုတာ တေဇရဲ့ သူငယ်ချင်း တယောက်ဖြစ်ပါတယ်။ ကျောင်းသား ခေါင်းဆောင် တယောက်လည်း ဖြစ်ပါတယ်။ တေဇထက်စောပြီး ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ သူဖြစ်ပါတယ်။ စစ်ကြောရေးစခန်းမှာ တုန်းက ကိုမျိုးမျိုးသန်းနဲ့ တေဇ ၂ ပါတ် လောက် တခန်းထဲ အတူတူ နေဘူးပါတယ်။ အဲဒီစခန်းမှာ တုန်းက တေဇ ကိုမျိုးမျိုးသန့် ရဲ့ ပြောကြားတာတွေ ညတိုင်းစိတ်ဝင်စားစွာ နားထောင်နေကြဖြစ်ပါတယ်။ ကိုမျိုးမျိုးသန်းဟာ တေဇ သိပ်အားကျတဲ့ နိုင်ငံရေး ကျောင်းသားခေါင်းဆောင် တယောက် ဖြစ်ပါတယ်။

တေဇ။ ။ **ကျနော့်ကို ဒီကိစ္စနဲ့ ပါတ်သက်ပြီး နည်းနည်း အချိန်ပေးပါ။**

ကိုစိန်ယုံ။ ။ **အေး တေးဆိုင့်ကက် မင်းအချိန်ဆွဲပြီး နောက်ကျသွားရင် ငါမတတ်နိုင်ဘူး။** ကိုစိန်ယုံ တေဇရဲ့ သေးအိုး၊ ချေးအိုးတွေ သယ်သွားတယ်။ တေဇ မေးလိုက်တယ်။ **ခင်ဗျား ဒီစာတွေကို ဘယ်တော့လောက် လိုချင်လည်း။ ကိုစိန်ယုံဟာ တေဇကို သေသေချာချာ စိုက်ကြည့်ရင်း မနက်ဖြန်နောက်ဆုံးထားပြီး ပေးနိုင်ရင်ကောင်းမယ်။ တေဇ မနက်ဖြန်ဟုတ်လား။ ခင်ဗျား ပြော ထားတဲ့ ကိစ္စ ကလေး ကစားစရာမဟုတ်ဘူး။**

**ရင်ထဲမှာ ရှိတဲ့ခံစားချက်တွေ ဦးနှောက်ထဲမှာ သိမ်းထားတဲ့အတွေးတွေ အားလုံးကို ပေါင်းပြီးမှ ရေးရမယ့် အရေးကြီးတဲ့ နိုင်ငံရေးစာဖြစ်တယ်။**

ကိုစိန်ယုံ။ ။ **မနက်ဖြန်ဟာ မင်းအတွက်အကောင်းဆုံးဘဲ မဟုတ်လား။ မင်း ဒီစာရေးစ**

**ရာ ပစ္စည်းတွေကို မင်းအခန်းထဲမှာ မသိမ်းထားချင်ဘူး မဟုတ်လား။ သိပ်ပြဿနာကြီးသွားမယ်။ မင်းအတွက် စဉ်းစားပါ။**

တေဇ။ ။ **ကိုစိန်ယုံ ခင်ဗျား ဒီကိစ္စကို ဘာလို့ ဒီလောက်ကြိုးစားပမ်းစား လုပ်နေတာလည်း။ ခင်ဗျား အရင်တုန်းက နိုင်ငံရေးသမားတွေကို လုံးဝ မကြိုက်ဘူး မဟုတ်လား။**

ကိုစိန်ယုံ။ ။ **ငါလည်း မင်းပြောမှ သတိရမိတယ်။ ငါထင်တာကတော့ ငါလည်း သူ တို့ကို နေ့ တိုင်းတွေ့ နေရတော့ သနားတဲ့စိတ် ဝင်လာတယ်ထင်တယ်။ ငွေလည်း ရထားတာ မဟုတ်လား။ တခါတလေ လူကောင်းဖြစ်လို့ မရဘူး။ အခုလို အရေးကြီးတဲ့ အခန်းမှာ ငါပါဝင် သရုပ်ဆောင် ရတာ ငါ့ကိုငါတောင် ဂုဏ်ယူမိနေသေးတယ်။ ဟဲဟဲ မင်းသိဖို့ က ငါဟာ ဒီကိစ္စကို ခေါင်းရင်းပြီး လုပ်ရတာ။ မိလို့ တော့ ငါ့ဘဝ သွားပြီ။ ထောင်ဒဏ် အနည်းဆုံး ၁၀ နှစ်တိုးသွားပြီ။ နေရာလည်း ပြောင်းသွားပြီး ကျောက်ထုစခန်းကို ရောက်သွားနိုင်တယ်။ အခုလည်း ထောင်ဒဏ် ၁၃နှစ် ကျန်သေးတယ်။ လွတ်ငြိမ်းချမ်းသာခွင့်ဟာလည်း မကျိန်းသေတဲ့ ကိစ္စဘဲ။ ငါလည်း ကျန်သေးတဲ့ ထောင်ကျနှစ် တွေကို အမြဲတမ်း စဉ်းစားပါတယ်ကွာ။**

ကိုစိန်ယုံက တေဇကိုစိတ်ပျက်သလို ကြည့်လိုက်တယ်။ **"တေဇ ဒီညနေ ညနေစာလာပို့ တဲ့အခါ မင်းဘာလုပ်ရမလဲ သိတယ်မဟုတ်လား။ ငါလည်း သူတို့ တတွေကို ပြန်အကြောင်းပြန်ရဦးမယ်။ မင်းရဲ့ စာမူကိစ္စအရေးကြီးတယ်။ ဒီကိစ္စထဲမှာ မင်းလည်းပါဝင်လာတာ မင်းသူငယ်ချင်းအဆောင် (၃) နိုင်ငံရေးသမားတွေသိရင် သိပ်ပျော်ကြမှာဘဲ။ မင်းက မင်းကိုယ်မင်း မေ့ထားတာပါ။ မင်းဟာ ဒီထောင်ထဲမှာ နာမည်ကျော်ကြားနေတဲ့ တက္ကသိုလ်ကျောင်းသား နိုင်ငံရေးသမား တိုက်ပိတ်သမားဆိုတာ သူတို့ သိကြတယ်။** တံခါးပိတ်သွားပြီ။

နံရံကို မှီထားပြီး မျက်စေ့ကို မှိတ်ထားမိတယ်။ ဘာမှ မလုပ်ဘဲ ငြိမ်သက်နေမိတယ်။ သေသေချာချာ အပြန်အလှန် စဉ်းစားနေမိတယ်။ စက္ကူနဲ့ ဘော်လ်ပင်ထားတဲ့နေရာကို မကြည့်ဘဲနေလိုက်တယ်။ ထောင်ဝင်စာထဲကို စာရေးစက္ကူနဲ့ ဘော်လ်ပင် ဘယ်သူများ ထဲ့ပေးလိုက်သလဲ ဆိုတာ စဉ်းစားနေတယ်။

တကယ်လို့ ထောင်မှူး ကိုချစ်နိုင် မဟုတ်ခဲ့ရင် ဘယ်ထောင်မှူး ထောင်ကျက ဒီလိုလုပ်ပေးနိုင်သလဲဆိုတာ စဉ်းစားနေမိတယ်။ လေဝင်ပေါက်က ပင့်ကူအိမ်ကို သေချာစိုက်ကြည့်မိတယ်။ အထီးကျန်နေလို့ ကိုယ့်ဖာသာ ကိုယ့်အတွက်ဆောက်လုပ်ထားတဲ့ ကိုယ့်ရဲ့ အကျဉ်းစခန်းမဟုတ်လား။ လူတွေဟာ လူတွေကို ပိတ်လှောင်ထားဖို့ ထောင်တွေကို ဆောက်လုပ်ထားကြတယ်။ ဗမာပြည်ကြီး ကောင်းစားစဉ်အခါကတည်းက ဆောက်လုပ်ထားတဲ့ ခိုင်ခံ့တဲ့ ထောင်ကြီးတွေ မဟုတ်ပါလား။

စာကို မရေးခင်ကတည်းက ခေါင်းထဲမှာရေးခြင်တဲ့ စာကြောင်းတွေဟာ အသင့်ရှိနေပြီး

သား ဖြစ်ပါတယ်။ ဘာမှတွေဝေနေစရာ မလိုပါဘူး။ လက်ထဲမှာ စာရေးစက္ကူရယ်၊ ဘော်လ်ပင်ရယ် အသင့်ရှိနေပြီ မဟုတ်လား။ ကောက်ပြီးရေးချလိုက်ဖို့ တခုဘဲလိုတာဘဲ မဟုတ်လား။ မေမေရယ် သားအခုလို စာရေးဖို့ တွေဝေနေတာကို သိရင်စိတ်ဆိုးမှာလား။ ဖေဖေရော တေဇ တွေဝေနေတာ သိရင် သိပ်ရှက်နေမှာဘဲနော်။ မိမိမေးခွန်းကို မိမိ ဘယ်လိုမှ မဖြေနိုင်သေးပါ။ ထောင်နံရံကြီးကို အဓိပ္ပါယ်မဲ့စွာ စိုက်ကြည့်နေတယ်။ စိတ်ထဲမှာ စာရေးစက္ကူ၊ ဘော်လ်ပင် အထီးကျန်တဲ့ အိမ်အကြီးကြီးထဲမှာ ရှိနေရတဲ့ ခေါင်းဆောင် အမျိုးသမီးကြီး ခေါင်းပေါ်က ဆံပင်မှာ ပန်းတွေပန်ထားပြီး စစ်တပ်ကြီးကို အပေါ်က ငုံ့ကြည့်နေတဲ့ တေဇရဲ့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်။ တရားဟောပြောပွဲအတွက် နယ်လှည့်သွားနေတဲ့၊ စစ်သားတွေ ဒူးထောက်ချပြီး သေသေချာချာ သေနတ်နဲ့ ချိန်ထားတာ ခံခဲ့ရဘူးတဲ့ သတ္တိရှင်။ အဲဒီအချိန်တွေတုန်းကတော့ တေဇ ထောင်ထဲမှာ ရောက်နေခဲ့ပြီးသား ဖြစ်ပါတယ်။ ဒီအကြောင်းတွေကို ထောင်ဝါဒါတွေ ပြောပြလို့ တေဇ သိရှိခဲ့ပြီးဖြစ်ပါတယ်။

ဒေါ်စုဟာ မိမိနဲ့ အတူပါလာတဲ့ အဖွဲ့ ဝင်ကျောင်းသားတွေကို နောက်ဆုတ်ခိုင်းခဲ့ပြီး မိမိ တယောက်တည်း သေနတ်ပြောင်းရှိရာကို တလှမ်းချင်း လျှောက်သွားတယ်။ မီးပုံကြီးရှိရာကို မကြောက်မရွံ့ တလှမ်းချင်းလျှောက်သွားတဲ့ အမျိုးသမီးကြီး၊ သတ္တိအပြည့်။ စစ်တပ်ရဲ့ တပ်စိပ်မှူးလည်း ဦးနှောက်တွေခြောက်ချားပြီး ဘာလုပ်ရမှန်းမသိတော့ဘူး။ အဲဒါနဲ့ စစ်သားတွေကို သေနတ်ပြန်ချဖို့ ကရောင်ခြောက်ချားနဲ့ အမိန့် ပေးလိုက်ရတယ်။

နေ့ လည်မွန်းတဲ့တဲ့ အချိန် သံချောင်းခေါက်သံ ကြားရတယ်။ နောက်ထပ် ၅ နာရီဘဲကျန်တော့တယ်။ ကိုစိန်ယုံ စာရေးထားတာကို လာယူတော့မယ်။ ဒီနေ့ ဟာ တခြားနေ့ တွေထက် ပိုပြီး ရှည်လျားတယ်လို့ ထင်မိတယ်။

သူ့ ကိုစောင့်နေမဲ့ စာရေးစက္ကူရယ်၊ ဘော်လ်ပင်ရယ် အဝတ်ပုံထဲမှာ အထီးကျန်နေရော့မယ်။ ဒါပေမဲ့ တေဇ သူတို့ ကို မထိရသေးဘူး။ ဒီအတိုင်း ထားထားလိုက်တယ်။ ကျောကုန်း ယားလာလို့ လက်နဲ့ ကျောကုန်းကို ကုပ်နေလိုက်တယ်။ နားထဲမှာလည်း ဘော်လ်ပင်ကို သွင်းလိုက်၊ထုတ်လိုက် လုပ်နေတဲ့ “ကလစ်၊ ကလစ်”နဲ့ အသံကို ကြားနေရတယ်။

လက်နဲ့ မထိရဲသေးဘူး။ လက်ထဲမှာလည်း ဘာမှမရှိသေးဘူး။ စိတ်ထဲမှာလည်း ဟာလာဟင်းလင်းကြီး ဖြစ်နေတယ်လို့ ခံစားမိတယ်။

**ဆက်လက်ဖော်ပြပေးသွားပါမည်။**